ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၄ ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

## (၃၂) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး တက်ရောက်ခြင်း




(၃၂) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး (32 nd Meeting of ASEAN Directors–General of Customs ) ကို ထိုင်းနိုင်ငံ၊ ချန်ဘူရီခရိုင်၊ ပတရားမြို့ တွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့မှ (၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၃) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကျင်းပရခြင်းရည်ရွယ်ချက်မှာ အာဆီယံဒေသအတွင်း အကောက်ခွန်ဆိုင်ရာ ရည်မှန်းချက်နှင့် ကတိကဝတ်များအား အကောင်အထည်ဖော်ရန်အတွက် ပုံမှန်ကျင်းပပြုလုပ်လျက်ရှိသည့် အစည်းအဝေးများဖြစ်ကြသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Procedures and Trade Facilitation Working Group–CPTFWG) ၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လိုက်နာရေးဆိုင်ရာလုပ်ငန်းအဖွဲ့(Customs Enforcement and Compliance Work–ing Group–CECWG)၊ အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Capacity




Building Working Group–CCBWG) နှင့် အာဆီယံပြတင်းတစ်ပေါက်စနစ် ဆိုင်ရာ ဦးဆောင်ကော်မတီ (ASEAN Single Window Steering Committee–ASWSC) တို့က အာဆီယံ အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (Customs Cooperation Committee–CCC) မှတဆင့် တင်ပြသည့် အစီရင်ခံစာများ၊ လေ့လာသုံးသပ်ချက်အစီရင်ခံစာများ ၂၀၂၂–၂၀၂၃ ခုနှစ် တစ်နှစ်တာကာလတွင်း ဆောင်ရွက်ချက်များ၊ တင်ပြချက်များအားထပ်ဆင့် ဆွေးနွေးအတည်ပြုခြင်း၊ လမ်းညွှန်မှု ပေးခြင်း၊ ၂၀၂၂–၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွက် ဆက်လက်ဆောင် ရွက်ရမည့် လုပ်ငန်းများအား အတည်ပြုခြင်းနှင့် အဆိုပါ လုပ်ငန်းအဖွဲ့များ၏ သဘာပတိ၊ အိမ်ရှင် စသည်တို့ကို သတ်မှတ်ခြင်း၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အကောက်ခွန်ထိန်း ချုပ်မှုပိုမိုကောင်းမွန်စေရေး၊ အကောက်ခွန်လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါ သည်။

အဆိုပါအစည်းအဝေးသို့ ကိုယ်စားလှယ် (၅၁) ဦး၊ အာဆီယံအဖွဲ့ဝင်များ အချင်းချင်း အကြားအကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသည့်အပိုင်းအပြီးတွင် အာဆီယံ၏ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးသည့်အပိုင်းတွင် ကိုယ်စားလှယ် (၄၆) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။




အဆိုပါအစည်းအဝေးတွင် အိမ်ရှင်ထိုင်းအကောက်ခွန်၊ လွှဲပြောင်းပေးအပ်ရမည့် သဘာပတိနှင့် လွှဲပြောင်းလက်ခံရမည့် သဘာပတိတို့က အမှာစကားပြောကြားခြင်း၊ အာဆီယံစီးပွားရေးဝန်ကြီးများ၊ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့၏ ကောက်နုတ်ချက်များအား တင်ပြခြင်း၊ (CCC) ၏ တိုးတက်မှု အစီရင်ခံစာ၊ (CPTFWG) ၏ တိုးတက်မှု အစီရင်ခံစာ၊ (CECWG) ၏ တိုးတက်မှု အစီရင်ခံစာ၊ (CCBWG) ၏ တိုးတက်မှု အစီရင်ခံစာ၊ (ASWSC) နှင့် ယင်း၏ လုပ်ငန်းအဖွဲ့များက တင်ပြသည့် တိုးတက်မှု အစီရင်ခံစာများအား ဆွေးနွေးအတည်ပြုခဲ့ပါသည်။

၂၀၂၃ခုနှစ် ဇူလိုင်လမှ ၂၀၂၄ခုနှစ် ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံ အကောက်ခွန်ဆိုင်ရာ အစည်းအဝေးများ၏ အချိန်ဇယားကို ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံ၏ ဆွေးနွေးဖက်များဖြစ်သည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ အကောက်ခွန်ကိုယ်စားလှယ်အဖွဲ့များနှင့် ညှိနှိုင်း ဆွေးနွေးခြင်း၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်း (Private Sector) များဖြစ်ကြသည့် EU-ABC၊ US-ABC တို့နှင့် ညှိနှိုင်းဆွေးနွေးခြင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့အကြား သီးခြား အစည်းအဝေး ကျင်းပပြုလုပ်ခြင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုကိုယ်စားလှယ်အဖွဲ့တို့အကြား သီးခြားအစည်းအဝေး ကျင်းပပြုလုပ်ခြင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

# အလုပ်သင်ဒုတိယအကောက်ခွန်မှူးသင်တန်းအမှတ်စဉ် (၁/၂၀၂၃)
# သင်တန်းဆင်းပွဲအခမ်းအနား



ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန အကောက်ခွန်သင်တန်းကျောင်း၌ (၇-၆-၂၀၂၃) ရက်နေ့ နံနက် (၀၉:၀၀) နာရီမှ (၁၀:၀၀) နာရီအချိန်အထိ အလုပ်သင် ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားအား ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ တက်ရောက်ခဲ့ပြီး သင်တန်းသားဦးရေ (၇၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်မှူးမှ ဦးစီးအရာရှိရာထူးနှင့် ဦးစီးမှူးမှ ဌာနစုမှူး ရာထူးတိုးမြှင့်ခန့်ထားရေး ရေးဖြေစာမေးပွဲကျင်းပခြင်း





အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများအား ကျင်းပပေးလျက်ရှိရာ အဆိုပါ အရည်အချင်းစစ်စာမေးပွဲအား အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန် (သင်တန်းကျောင်း) ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ ဦးဆောင်၍ ကျင်းပခဲ့ပါသည်။ အကောက်ခွန်မှူးမှ ဦးစီးအရာရှိရာထူးသို့ တိုးမြှင့်ခန့်ထားရေးအတွက် ဖြေဆိုသူ (၅၆) ဦး နှင့် ဦးစီးမှူးမှ ဌာနစုမှူးရာထူးသို့ တိုးမြှင့်ခန့်ထားရေးအတွက် ဖြေဆိုသူ (၁၀) ဦး၊ စုစုပေါင်း (၆၆) ဦး ဖြေဆိုခဲ့ကြပြီး အကောက်ခွန်မှူးမှ ဦးစီးအရာရှိရာထူးအတွက် ၁၇-၆-၂၀၂၃ ရက်နေ့တွင် (ဌာနဆိုင်ရာဘာသာ ရပ်နှင့် အထွေထွေဗဟုသုတဘာသာရပ်) အားလည်းကောင်း၊ ၁၈-၆-၂၀၂၃ ရက်နေ့တွင် (အင်္ဂလိပ်စာဘာသာ ရပ်နှင့် ကွန်ပျူတာဘာသာရပ်) အား ဖြေဆိုခဲ့ပြီး ဦးစီးမှူးမှ ဌာနစုမှူးရာထူးအတွက် ၁၇ -၆-၂၀၂၃ ရက်နေ့တွင် (ဌာနဆိုင်ရာသာသာရပ်နှင့် ရုံးလုပ်ငန်းဘာသာရပ်) အားလည်းကောင်း၊ ၁၈-၆-၂၀၂၃ ရက်နေ့တွင် (အင်္ဂလိပ် စာဘာသာရပ်နှင့် ကွန်ပျူတာဘာသာရပ်) အား စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

# ရန်ကုန်ရုံးချုပ်မှ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများနှင့် ပူးပေါင်းစစ်ဆေးရေးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံခြင်း






၉-၆-၂၀၂၃ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ ရန်ကုန်ရုံးချုပ်မှ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ နှင့် ပူးပေါင်းစစ်ဆေးရေးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/အမှုထမ်းများအား ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်တို့မှ ဦးဆောင်၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံမှာကြားခဲ့ပြီး အခမ်းအနားသို့ ညွှန်ကြားရေးမှူးများ၊ အရာထမ်းနှင့်အမှုထမ်း စုစုပေါင်း (၁၇၆) ဦး တက်ရောက်ခဲ့ကြပါသည်။

# OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများနှင့် ပူးပေါင်းစစ်ဆေးရေးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာရှိများအား ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုဆိုင်ရာ (HS) မွမ်းမံသင်တန်းဖွင့်လှစ်ခြင်း




ရန်ကုန်ရုံးချုပ်မှ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများနှင့် ပူးပေါင်းစစ်ဆေးရေးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာရှိများအား ကုန်ပစ္စည်းအမျိုးအစား ခွဲခြားမှုဆိုင်ရာ (HS) မွမ်းမံသင်တန်းကို (၁၂-၆-၂၀၂၃) ရက်နေ့ နံနက် (၀၉:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအချိန် အထိ အကောက်ခွန်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားကို အကောက်ခွန်မှူးနှင့် ဒုတိယအကောက်ခွန်မှူး၊ သင်တန်းသားဦးရေ(၇၀) ဦး တက်ရောက်ခဲ့ပါသည်။ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အရာထမ်းများအား HS 2017 နှင့် HS 2022 ကူးပြောင်း ချိတ်ဆက်မှုနှင့် ပတ်သက်၍ ပြောင်းလဲမှုများအား သိရှိစေရန်၊ ကုန်ပစ္စည်းအမျိုးအစား ခွဲခြားခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်နှင့် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားခြင်းဆိုင်ရာ အငြင်းပွားဖွယ် ကိစ္စရပ်များ လျော့နည်းလာစေရန် သင်တန်းပို့ချခဲ့ခြင်း ဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန်လ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ စုစုပေါင်း တား ဆီး/ဖမ်းဆီးမှုမှာ (၂၅၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု








(၂၅.၃.၂၀၂၃)ရက်နေ့တွင် လေဆိပ်(သွင်းကုန်)၌ AWB No.(3664315896)၊ ID No. (100245734040) (31.5.2023) ဖြင့်တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသည့် (AGULAR TONE HAMMER)(500–600 WATT) (10.5Kgs) (C/O–U.S.A) (1–U) ခန့်မှန်းတန်ဖိုး ကျပ် (၁,၈၉၀,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု






(၃၀.၆.၂၀၂၃) ရက်နေ့တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID No. (100249062060) (26.6.2023)၊ကုန်သေတ္တာအမှတ် (CSLU–2333370)(CSNU–1289393)(CSNU–1673135) (OOLU–1706426) (UETU–2670106) (FCIU–5715162) (FTAU495141) (7X20') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် (Engine Oil )(Lubricants) (Brand–3G) (Grade–SAE50) (1Drum=200Litre) (392–Drum) (68208–kgs) (C/O Singapore) ခန့်မှန်းတန်ဖိုး ကျပ် (၁၈၀,၂၇၇,၈၃၆/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု








(၂၉-၆-၂၀၂၃) ရက်နေ့ (၁၃:၃၀)အချိန်ခန့်တွင် မန္တလေးမြို့မှ ကျောက်မဲမြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (4G/8692)(Express Bus) ယာဉ်အား (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော နံ့သာဖြူ အိတ်များအား တွေ့ရှိရသဖြင့် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် (နံ့သာဖြူဟုယူဆရသော အတုံးများ) (190–kg) (5–Pkg) ခန့်မှန်းတန်ဖိုး ကျပ် (၆၈,၄၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (4G/8692) (Express Bus) (Brand–YUTONG) (Model–2013)(C/O–China) (1–U) ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၃၀-၆-၂၀၂၃) ရက်နေ့ (၂၀:၃၀) အချိန်ခန့်တွင် မုံရွာမြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (9M/8573)(Mini Bus) ယာဉ်အား (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် (ပိတောက်ခွဲသား) (၅"x၅"x၁၄") (၀.၁၀၈၃-တန်) (၂၄-တုံး) ခန့်မှန်းတန်ဖိုးကျပ် (၂,၀၀၀,၀၀ဝ/-) ခန့်အားလည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ်၊ (9M/8573) (Mini Bus) (Toyota Hiace) (Model-2016) (C/O-Japan) (1-U) ခန့်မှန်းတန်ဖိုးကျပ် (၅၀,၀၀၀,၀၀ဝ/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





(၁၅-၆-၂၀၂၃) ရက်နေ့ (၁၉:၃၀) အချိန်ခန့်တွင် နေပြည်တော်မှ မူဆယ်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (9L/7909) (BUS) ယာဉ်အား (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက္ကူပုံး(၂)ပုံး အတွင်းမှ (သင်းခွေချပ်) (၃.၃၉ ပိဿာ, ၂.၀၇ပိဿာ, ၁.၇၁ပိဿာ,၁.၅၉ပိဿာ) (၄)ကောင် ခန့်မှန်းတန်ဖိုးကျပ် (၃၂၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၉၂၇.၁၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု







(၂၉-၆-၂၀၂၃) ရက်နေ့ (၀၉:၀၀) အချိန်ခန့်တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (SHN/EE-4944) (Nissan AD Van) အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်အဖွဲ့နှင့် ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ သိုဝှက်သယ်ဆောင်လာသည့် (ကျောက်စိမ်းဟု ယူဆရသောပုတီးလုံး) (50-kg) ခန့်မှန်း တန်ဖိုးကျပ် (၂၂,၅၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (SHN/EE-4944) (Nissan AD Van) (Model-2008) (1U) ခန့်မှန်းတန်ဖိုးကျပ် (၂၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။